# THE SOVEREIGNTY OF GOD

## ဘုရားသခင်၏အချုပ်အခြာအာဏာ

ဎင်းအကြောင်းအနည်းငယ်သာပြောဆိုကြသည်။အခြားသူများသည်ဎင်းကိုပါးစပ်ဖြင့်သာပြောဆိုကြသည်။သို့သော်ဤသည် မှာဩဝါဒအားလုံး၏အခြေခံကျသောအမှန်တရားဖြစ်သည်။

ဘုရားသခင်သည်အချုပ်အခြာအာဏာပိုင်ဖြစ်သည်ဆိုသည်မှာသူသည်အရာခပ်သိမ်းကိုအကြွင်းမဲ့ထိန်းချုပ်ထားပြီး၊ခြွင်းချက် မရှိဘဲအုပ်စိုးသည် (တရား ၁၀း၁၇၊ဆာလံ ၈၆း၈-၁၀၊၈၉း၆၊၉၇း၉)။ ဖန်ဆင်းခြင်း၌မြေလျှင်များ၊ဟာရီကိန်းမုန်တိုင်းများ၊ဒီရေလှိုင်းများနှင့်နှင်းနှင့်မိုးကဲ့သို့သောအဖြစ်အပျက်များကိုသူ အုပ်စိုးသည် (ယောဘ ၃၇း၆၊ဆာလံ ၉၇း၅၊၁၃၅း၆၊ယောရှာ ၂၉း၆၊ဗျာ ၆း၁၂)။လူတစ်ဦးချင်းစီ၏ဖျားနာမှုနှင့်သေဆုံးမှုကို သူသည်အုပ်စိုးသည် (ဆာလံ ၂၊သုတ္တံ ၂၁း၁၊ယောရှာ ၄၅း၁-၄)။သူသည်မာရ်နတ်နှင့်ကျဆုံးသောကောင်းကင်တမန် များကိုအုပ်စိုးသည် (ယောဘ ၁း၁၂၊၂း၆၊ရောမ ၁၆း၂၀)။ မည်သည့်အရာမျှတိုက်ဆိုင်မှုသို့မဟုတ်မတော်တဆဖြစ်ခြင်းမရှိပေ (ဆာလံ ၁၃၅း၆၊၁ ရာ ၆း၉)။

ဤအမှန်တရားသည်ဧဝံဂေလိတရားဟောပြောခြင်းနှင့်ယေရှုခရစ်တော်၏အသွေးတော်အားဖြင့်ကယ်တင်ခြင်းအမှန်တရား၌အရေးပါသည့်သက်ရောက်မှုများရှိပါသည်။ထိုအခါဤအချုပ်အခြာအာဏာပိုင်ဘုရားသခင်သည်ဟောပြောခြင်း၌အချိန်မနှောင်းမီခရစ်တော်ကိုလက်ခံရန်အပြစ်သားအားတောင်းပန်နေသည့်ကြီးမြတ်သောတောင်းရမ်းသူတစ်ဦးအဖြစ်တင်ပြနိုင်ပါသလား။အချုပ်အခြာအာဏာပိုင်ဘုရားသခင်ကိုမည်သို့ထိုကဲ့သို့သောအနေအထားတွင်ရှိနိုင်မည်နည်း။"အကြောင်းမူကား၊ထာဝရဘုရားမြွက်ဆို၍၊မြွက်ဆိုတော်မူသည်အတိုင်းဖြစ်၏။အမိန့်တော်ရှိ၍၊မိန့်တော်မူသည်အတိုင်းတည်လျက်နေ၏။"(ဆာလံ-၃၃း၉)။ဤအချုပ်အခြာအာဏာပိုင်ဘုရားသခင် ၏သားတော်သည်အပြစ်သားများ၏နှလုံးသားတံခါးကိုခေါက်ကာဝင်ခွင့်တောင်းသည့်အနေအထားသို့လျှော့ချနိုင်ပါသလား။ဘုရားသခင်သည်ခွင့်မပြုပေ။အချုပ်အခြာအာဏာပိုင်ဘုရားသခင်သည်လူသားအများစုငြင်းပယ်နိုင်သည့်'ကောင်းသောရည်ရွယ်ချက်ဖြင့်ကယ်တင်ခြင်းကမ်းလှမ်းချက်ကိုလူတိုင်းထံတင်ပြနိုင်သလား။ကျွန်ုပ်တို့၏ဘုရားသခင်သည်အချုပ်အခြာအာဏာပိုင်ဘုရားသခင်ဖြစ်ပါက၊ကျွန်ုပ်တို့ခေတ်တွင်အဘယ်ကြောင့်လူများစွာသည်အထက်ပါပုံစံဖြင့်သူ့အားတင်ပြကြသနည်း။ကျွန်ုပ်တို့သည်အခြားသူတစ်ဦးအ

ကြောင်းမဟုတ်ကျွန်ုပ်တို့၏ဘုရားသခင်အကြောင်းပြောဆိုနေကြောင်းသင်နားလည်ပါသည်။သူ၏ကြီးမြတ်မှုကိုလျှော့ချရန်သို့မဟုတ် သူ၏တန်ခိုးတော်ကိုလျှော့တွက်ရန်လွတ်လပ်မှုမရှိပေ။

အချုပ်အခြာအာဏာပိုင်ဘုရားသခင်သည်ထာဝရကာလမှစ၍မိမိရွေးချယ်တော်မူသောလူမျိုးကိုရွေးကောက်တော်မူ၏(ဖေက်-၁း၄)။သူသည်ထိုသူတို့ကိုခရစ်တော်ထံအပ်နှံ၍၊သူတို့ သည်ကိုယ်တော်ထံလာစေရန်ဆွဲခေါ်တော်မူ၏(ယောဟန်-၆း၃၇၊၄၄)။ဘုရားသခင်သည်ရွေးကောက်တော်မူသောအပြစ် သား၏စိတ်နှလုံးကိုဖွင့်တော်မူသဖြင့်ယုံကြည်ခြင်းသို့ရောက်တော်မူ၏ (တမန် ၁၆း၁၄)။ကြောက်ရွံ့တုန်လှုပ်ခြင်းဖြင့်ကျွန်ုပ်တို့၏ကယ်တင်ခြင်းကိုလုပ်ဆောင်ရန်ခေါ်ခြင်းခံရသော်လည်းကျမ်းစာသည်ကျွန်ုပ်တို့အားအလိုရှိစေရန်နှင့်နှစ်သက်တော်မူစေရန်၊ကျွန်ုပ်တို့အတွင်း၌လုပ်ဆောင်သူမှာဘုရားသခင်ဖြစ်ကြောင်းသတိပေးပါသည်(ဖိလ္လိ-၂း၁၂-၁၃)။ခရစ်ယာန်များ၏ကောင်းသောအကျင့်များကိုကျွန်ုပ်တို့ကျင့်ကြံရန်၊ဘုရားသခင်သည်ကြိုတင်၍သတ်မှတ်ထားသည်(ဖေက်-၂း၁၀)။ဘုရားသခင်သည်မိမိလူတို့ကိုထိန်းသိမ်းစောင့်ရှောက်ပြီး၊ဘုန်းအသရေပေးသနားတော်မူ၏(ဖိလ္လိ-၁း၆)။ဤအရာအားလုံးသည်ဘုရားသခင်သည်အချုပ်အခြာအာဏာပိုင်ဖြစ်သည်ဟူသောအမှန်တရားမှဆင်းသက်လာခြင်းဖြစ်သည်။

ဘုရားသခင်သည်သူ၏သန့်ရှင်းသောသမ္မာကျမ်းစာတွင်သူ့အကြောင်းကျွန်ုပ်တို့အားရှင်းရှင်းလင်းလင်းပြသထားသည်ကိုသင်ယုံကြည်ပါသလား။ဘုရားသခင်၏နှုတ်ကပတ်တော်၌သူ့အကြောင်းဖော်ပြတော်မူသည့်အတိုင်းဘုရားသခင်ကိုကိုးကွယ်ရန်ဘုရားသခင်၏သားသမီးတိုင်း၏အခွင့်အရေးနှင့်မြင့်မြတ်သောခေါ်ခြင်းဖြစ်သည်။မြောက်အိုင်ယာလန်ရှိပဋိညာဥ်ပရိုတက်စတင့်ရီဖော့မ်အသင်းတော်မှကျွန်ုပ်တို့သည်အထက်ပါဖော်ပြပါအားလုံးကိုဝန်ခံပြီး၊ဤအချုပ်အခြာအာဏာပိုင်ဘုရားသခင်ကို ထိုအတိုင်းကိုးကွယ်လိုပါသည်။

## Who Are We?

## ကျွန်ုပ်တို့သည်မည်သူများနည်း။

ဤစာတမ်းငယ်ကိုပေးပို့သည့်ကျွန်ုပ်တို့၌မြောက်အိုင်ယာလန်နိုင်ငံရှိပဋိညာဥ်ပရိုတက်စတင့်ရီဖော့မ်အသင်းတော်(**CPRCNI**)ဖြစ်သည်။ကျွန်ုပ်တို့ကိုယ်တိုင်မိတ်ဆက်ရန်နှင့်ကျမ်းစာ၏အမှန်တရားများကိုသင်ကြားပေးပြီး၊ဟောပြောရန် ကျွန်ုပ်တို့ယုံကြည်သည့်အတိုင်းဖော်ပြရန်ဆန္ဒရှိပါသည်။

ကျွန်ုပ်တို့နိုင်ငံတွင်လုံလောက်သောအသင်းတော်များရှိသည်ဟုအတင်းအကျပ်ပြောဆိုသူများအများအပြားရှိပါသည်။အခြားအသင်းတော်တစ်ပါးမလိုအပ်ပေ။သို့သော်ဘုရားသခင်၏နှုတ်ကပတ်

တော်ကိုကျမ်းစာနှင့်အညီသစ္စာရှိရှိဟောပြောသည့်အသင်းတော်တစ်ပါးမတွေ့နိုင်ပါက၊ခရစ်တော်သည်ကြွလာပြီး၊ခေါ်ဆောင်လာမည်ဟုကျွန်ုပ်တို့ယုံကြည်ကြပါသည်။ကျွန်ုပ်တို့နှင့်ကျွန်ုပ်တို့၏ကလေးများသည်သင့်လျော်သောအစီအစဥ်အတိုင်းဘုရားသခင်ကိုဝတ်ပြုရမည်ဖြစ်သည်။

(**CPRCNI**)ကို(၁၉၈၈)ခုနှစ်၊ဇန်နဝါရီလတွင်မူလကကွဲပြားသောအသင်းတော်နောက်ခံများမှရိုးဖော့မ်ယုံကြည်သူအများအပြားသည်လက်ရှိရိုဖော့မ်ဂိုဏ်းများ၏အားနည်းချက်နှင့်ညှိနှိုင်းမှုကိုမကျေနပ်ကြသောကြောင့်ဖွဲ့စည်းခဲ့ခြင်းဖြစ်သည်။Westminster စံနှုန်းများ၊ Heidelberg Catechism (ဟိုက်ဒဲလ်ဘာ့အမေးအဖြေများ)၊ Belgic Confession (ဘဲလ်ဂျစ်ဝန်ခံချက်)၊ နှင့် Cannons of Dordt (ဒေါ့ဒ်စံနှုန်းများ)တို့တွင်သူတို့၏ဘိုးဘေးများကသမိုင်းအစဥ်အလာအရဝန်ခံထားသည့်အတိုင်းရိုဖော့မ်ယုံကြည်ချက်အတွက်ရှင်းလင်းပြတ်သားကာ၊ထူးခြားသောသက်သေခံချက်ပေးမည့်အသင်းတော်တစ်ပါးတည်ထောင်ရန်သူတို့၏ဆန္ဒဖြစ်သည်။

ကျွန်ုပ်တို့သည်သန့်ရှင်းသောသမ္မာကျမ်းစာ၏လှုံ့ဆော်မှု၊အမှားအယွင်းကင်းမှု၊အခွင့်အာဏာနှင့်လုံလောက်မှုတို့ကိုယုံကြည်ကြောင်းဝန်ခံရန်၊ရှက်ကြောက်ခြင်းမရှိပေ(၂တိ-၃း၁၆)။ရွေးကောက်ခြင်းနှင့်ငြင်းပယ်ခြင်းနှစ်မျိုးလုံးပါဝင် သောနှစ်ထပ်ကြိုတင်ခွဲခန့်မှတ်သားခြင်းဖြစ်သည် (ရောမ ၉)။

## The Absolute Sovereignty of God

### ဘုရားသခင်၏အကြွင်းမဲ့အချုပ်အခြာအာဏာ။

ယေရှုခရစ်တော်အားဖြင့်ယုံကြည်သူများနှင့်သူတို့၏ဝိညာဥ်ရေးဆိုင်ရာသားသမီးများနှင့်အတူကျေးဇူးတော်ပဋိညာဥ်ကိုခြွင်းချက်မရှိတည်ဆောက်ခြင်း၊ထိန်းသိမ်းခြင်းနှင့်နားလည်သဘောပေါက်ခြင်း (ကမ္ဘာ ၁၇း၇၊တမန် ၂း၃၉)။ ဧဝံဂေလိတရားဟော ပြောခြင်း၏လိုအပ်ချက်နှင့်တန်ခိုးတော်၊ ၎င်းသည်ဧဝံဂေလိတရား၏အခမဲ့ကမ်းလှမ်းချက်(သို့မဟုတ်ကောင်းသောရည်ရွယ်ချက်ဖြင့်ကမ်းလှမ်းချက်နှင့်ဆန့်ကျင်ဘက်ဖြစ်သည်။ခရစ်ယာန်တစ်ဦးသည်ဘဝနှင့်အတွေးအခေါ်၌လောကမှသီးခြားဖြစ်ရန်လိုအပ်ချက်(၂တိ-၆း၁၇)နှင့်စည်းမျဥ်းဆိုင်ရာမှု၊ ဆိုလိုသည်မှာကျမ်းစာသည်လိုအပ်သည့်အရာများကိုသာဝတ်ပြုကိုးကွယ်ခြင်း၌လုပ်ဆောင်ခြင်းဖြစ်သည်။နှုတ်ကပတ်တော်ကိုဟောပြောခြင်း၊သန့်ရှင်းသောဝတ်ပြုမှုများပေးအပ်ခြင်း၊အလှူဒါနပြုခြင်း၊ဆုတောင်းခြင်းနှင့်ဆာလံသီချင်းများသီဆိုခြင်းများဖြစ်သည်။ရိုဖော့မ်ယုံကြည်ချက်ကိုချစ်မြတ်နိုးသူအားလုံးကိုကျွန်ုပ်တို့အတူပူးပေါင်းရန်ဖိတ်

ခေါ်ပါသည်။ကျွန်ုပ်တို့ဘိုးဘေးများသည်သူတို့၏အသက်ကိုပင်ပေးဆပ်ခဲ့ကြသည့်ယုံကြည်ခြင်းအတွက်ခိုင်မာသောသက်သေခံချက်တစ်ခုရှိသည်။

## Martin Luther on the "Free Will" of Man

## လူသား၏လွတ်လပ်သောဆန္ဒအပေါ် မာတင်လူသာ။

ယောဟန်-၆း၄၄ကိုအခြေခံကာ၊မာတင်လူသာသည်ဆန္ဒ၏ကျေးကျွန်အကြောင်းအဘယ်အရာ ကိုရေးထားသနည်း။သူပြောရမည့် အရာမှာဤသို့ဖြစ်သည်။

ယောဟန်(၆)တွင်ခရစ်တော်သည်၊"ငါ့ကိုစေလွှတ်တော်မူသောခမည်းတော်သည်သွေးဆောင်တော်မမူလျှင်၊အဘယ်သူမျှငါ့ထံသို့မလာနိုင်"(အခန်းငယ်-၄၄) ဟုမိန့်တော်မူသောအခါ "လွတ်လပ်သောဆန္ဒ"ကိုအဘယ်အရာကိုထားခဲ့သနည်း။လူသားသည်ခမည်းတော်အကြောင်းကိုနားထောင်ပြီး၊သင်ယူရန်လိုအပ်ကာ၊အရာအားလုံးကိုဘုရားသခင်ထံမှသင်ကြားရမည်ဟုသူပြောခဲ့သည်။အကယ်စင်စစ်၊"လွတ်လပ်သောဆန္ဒ"၏လုပ်ဆောင်ချက်များနှင့်ကြိုးပမ်းအားထုတ်မှုများသည်အချည်းနှီးသာမဟုတ်ဘဲ(ဤနေရာတွင်ကိုယ်တော်ပြောနေသည့်)ဧဝံဂေလိတရားတော်ပင်အချည်းနှီးသာကြားရသည်ဟုသူကြေငြာသည်၊ခမည်းတော်ကိုယ်တိုင်အတွင်း၌မိန့်ကြား၍သွန်သင်ပြီး၊ဆွဲယူခြင်းမရှိပါက"အဘယ်သူမျှ၊မည်သူမျှမလာနိုင်"ဟုသူမိန့်တော်မူပြီး၊သူနေသည်မှာ"သူသည်ခရစ်တော်ထံသို့ကြိုးစားအားထုတ်နိုင်သည့်သခင်၏တန်ခိုးဖြစ်သည်။ကယ်တင်ခြင်းနှင့်သက်ဆိုင်သောအရာများတွင်ထိုတန်ခိုးသည်အချည်းနှီးဖြစ်သည်ဟုသူအခိုင်အမာဆိုသည်။ဤရိုးရှင်းပြီး၊အစွမ်းထက်သောကျမ်းစာကိုပယ်ချ၍ကြိုးပမ်းမှုသည်(Erasmus)Diatribeမှ(Augustine)ထံမှကိုးကားခဲ့သည့်အရာသည်"လွတ်လပ်စွာရွေးချယ်ခြင်း"ကိုမကူညီပါ။ဆိုလိုသည်မှာ 'ဘုရားသခင်သည်သိုးများကိုဆွဲယူသကဲ့သို့၊အခက်အလက်တစ်ခုကိုပေးခြင်းဖြင့်ကျွန်ုပ်တို့ကိုဆွဲယူသည်'ဟူသောဖော်ပြချက်ဖြစ်သည်။

ဘုရားသခင်၏ခေါ်ခြင်းကိုလိုက်လျှောက်နိုင်သည့်အစွမ်းအစသည်ကျွန်ုပ်တို့အထဲ၌ရှိသည်ဟုယူဆကြပါသည်။သို့သော်ဤနမူနာသည်ဤအပိုဒ်တွင်မပါဝင်ပေ။အကြောင်းအရင်းသည်ဘုရားသခင်သည်သူ၏ကောင်းမြတ်သည့်ဆုကျေးဇူးတော်အားလုံးကိုပြသရုံသာမကသူ၏သားတော်ယေရှုခရစ်ကိုပါပြသပါသည်။သို့သော်အတွင်းစိတ်သည်ပို၍တစ်ခုခုကိုပြသပြီး၊တခြားနည်းဖြင့်ဆွဲယူခြင်းမရှိလျှင်၊မည်သူမျှသူ့နောက်သို့မလိုက်ကြပေ။တစ်ကမ္ဘာလုံးသည်သူပြသသည့်သားတော်ကိုနှိပ်စက်ညှဥ်းပန်းကြပါသည်။ဥပမာ သည်ဘုရားသခင်၏'သိုး' များဖြစ်ကြပြီး၊ဘုရားသခင်ကိုသူတို့သိုးထိန်းအဖြစ်သိသည့်

ဘုရားတရားကြည်ညိုသူများ၏အတွေ့အကြုံနှင့်ကိုက်ညီပါသည်။ဝိညာဥ်တော်ထဲ၌နေထိုင်ကြပြီး၊လှုံ့ဆော်ခံရသည့်အတွက်ဘုရားသခင်အလိုရှိနေသည့်နေရာတိုင်း၌၊ဘုရားသခင်ပြသသည့်အရာမှန်သမျှကိုလိုက်နာကြသည်။သို့သော်၊မတရားသောသူသည်နှုတ်ကပတ်တော်ကိုကြားနေသော်လည်း၊ခမည်းတော်သည်သူ့ကိုအတွင်းစိတ်မှဆွဲယူရန်သင်မပေးလျှင်ဝိညာဥ်တော်ကိုသွန်းလောင်းခြင်းအားဖြင့်လုပ်ဆောင်ပါသည်။ဤကဲ့သို့ဖြစ်လာသည့်အခါတွင်အပြင်ပန်းကလွဲပြီး၊တစ်ခြား'ဆွဲယူခြင်း'တစ်ခုဖြစ်ပေါ်လာသည်။ဝိညာဥ်တော်၏ညဏ်အလင်းပေးခြင်းအားဖြင့်ခရစ်တော်ကိုပြသပြီး၊ဘုရားသခင်စကားပြောနေသည့်အခါတွင်သူသည်ဘာမှမလုပ်ဘဲ၊တိတ်ဆိတ်စွာနေကာ၊သွန်သင်ပြီးဆွဲယူပါသည်။(မာတင်လူသာ၊ The Bondage of the Will (၁၉၅၇ ခုနှစ်ထုတ်ဝေမှု) ၃၁၀-၃၁၁)။

### J. C. Philpot (၁၈၀၂ - ၁၉၆၉)

မည်သူမျှမိမိ၏ကိုယ်ပိုင်အစွမ်းအစအားလုံးကိုဆုံးရှုံးသွားသည်အထိဘုရားသခင်ဆီခွန်အားမရှိခဲ့ဘူးဟူ၍ကျွန်ုပ်ရဲရဲဝံ့ဝံ့ပြောရဲပါသည်။ကျမ်းစာနှင့်အတွေ့အကြုံအရမည်သူမျှဘုရားသခင်ကိုယုံကြည်ကိုးစားခြင်းဆိုသည့်အရာသည်ဝိညာဥ်ရေးဆိုင်ရာနှင့်စုံစမ်းခြင်းမခံစားဖူးသကဲ့သို့၊မသိဘူးသကဲ့သို့ဟူ၍ကျွန်ုပ်ရဲရဲဝံ့ဝံ့ပြောရဲပါသည်။ဘုရားသခင်သည်သူ့ကိုသူယုံကြည်မှုနှင့်ယုံကြည်စိတ်ချမှုအားလုံးကိုစွန့်လွှတ်ပြီး၊စိတ်ဓါတ်ကျမသွားပေ။

### William Rushon (၁၇၉၆ - ၁၈၃၈)

"ဟုတ်တယ်၊မဟုတ်ဘူး၊ဇော်ဂေလိတရား၏"တိုက်ရိုက်သဘောထားသည်လောကီခရစ်ယာန်ဘာသာကိုကြေငြာရန်ဖြစ်သည်။ဇော်ဂေလိတရား၏စော်ကားသည့်ဩဝါဒများပျော့ပျောင်းစေခြင်းအားဖြင့်ကျွန်ုပ်အတွက်ပို၍လက်ခံနိုင်စရာဖြစ်အောင်ကြိုးစားသူတိုင်းသည်အလွန်ဆိုးရွားသည့်ပုံစံများနှင့်လောကအရာနှင့်လိုက်လျော်ညီထွေဖြစ်အောင်လုပ်ဆောင်ခြင်းဖြစ်သည်။

### Dead in Sin?

### အပြစ်တရားထဲ၌သေနေပါသလား။

ကျွန်ုပ်တို့ဘိုးဘေးများ၏ယုံကြည်ခြင်းသည်သင့်အသက်တာ၌အသက်ရှင်နေပါသလား။သင့်အသင်းတော်၌လား။ကျွန်ုပ်တို့၏ဘိုးဘေးများ၏ယုံကြည်ခြင်းသည်အသက်ရှင်နေဆဲဖြစ်သည်........

သီချင်းကိုသီဆိုကြပြီး၊ယုံကြည်ခြင်းသည်အသက်ရှင်နေသည်မှာသေချာပါသည်။သို့သော်မေးခွန်းသည်'ထိုယုံကြည်ခြင်းသည်မည်သည့်နေရာတွင်အသက်ရှင်ပြီး၊ဝန်ခံထားသနည်း'နှင့်'ကျွန်ုပ်တို့ဘိုးဘေးများ၏ယုံကြည်ခြင်းသည်ကားအဘယ်နည်းဟူ၍ဖြစ်သည်။၎င်းကိုလွန်ခဲ့သောနှစ်ပေါင်း(၃၅၀)ကျော်က(Dordt)နယ်သာလန်နိုင်ငံရှိ(Synod)တွင်ကျွန်ုပ်တို့၏အသင်းတော်ဘိုးဘေးများသည်ဖော်ပြခဲ့ကြသည်။ကျွန်ုပ်တို့၏ဘိုးဘေးများသည်သမ္မာကျမ်းစာသွန်သင်ခဲ့သည့်အရာများကိုမှတ်မိစေရန်(TULIP)ဟူသောစကားလုံးကိုအသုံးပြုကြပါသည်။

## T - Total Depravity

### အကြွင်းမဲ့ ပျက်စီးခြင်း။

ဆိုလိုသည်မှာလူသည်သေလွန်ပြီဟုရိုးရိုးရှင်းရှင်းဆိုလိုသည်။သမ္မာကျမ်းစာသည်သင်နှင့်ကျွန်ုပ်သည်ပြစ်မှားခြင်းနှင့်အပြစ်များ၌သေလွန်ပြီဟုဆိုသည်(ဧဖက်-၂း၁-၆)။သေပြီ!!!ထိုထက်ပို၍အပြစ်၌သေလွန်သောအမျိုးသားသို့မဟုတ်အမျိုးသမီးသည်ဘုရားသခင်ကိုမုန်းတီးပြီးသူ၏'ဇာတိပကတိ'သည်'ဘုရားသခင်ကိုရန်ငြိုးဖွဲ့ခြင်း'(ရောမ-၈း၇)ဖြစ်သည်။သူ၏ဆန္ဒသည်ဘုရားသခင်ကိုခေါင်းမာစွာ၊ခိုင်မာစေသည်။ဤကျမ်းစာဆိုင်ရာအယူအဆသည်ကယ်တင်ခြင်းအကြောင်းခေတ်သစ်ပြောဆိုမှုများစွာကိုပြောင်းလဲစေသည်။

၎င်း၏အဓိပ္ပါယ်ကိုစဉ်းစားကြည့်ပါ။

အသစ်တစ်ဖန်မွေးဖွားခြင်းခံရသည့်ခရစ်ယာန်တစ်ယောက်မဟုတ်လျှင်ကောင်းသောအကျင့်များလုပ်နိုင်ပါသလား။မရပါ။"ယုံမှားသောသူသည်စားလျှင်၊ယုံသောစိတ်မရှိဘဲစားသောကြောင့်အပြစ်စီရင်ခြင်းခံရ၏။ယုံသောစိတ်မရှိဘဲကျင့်သမျှ သောအကျင့်တို့သည်အပြစ်ရှိ၏။" (ရောမ ၁၄း၂၃)။

အသစ်တစ်ဖန်မွေးဖွားခြင်းကိုခံချင်ပြီး၊'မည်ကဲ့သို့လုပ်ဆောင်ရမည်'ဆိုသည့်ညွှန်ကြားချက်များကိုလိုက်နာနိုင်ပါသလား။မရပါ။အဘယ်ကြောင့်ဆိုသော်၊၎င်းသည်သချိုင်းထဲကလူတစ်ယောက်သည်သချိုင်းမှထွက်လာချင်သည်ဟုပြောနေသကဲ့သို့ဖြစ်သည်၊သို့မဟုတ်မည်ကဲ့သို့အသက်ရှင်ရမည်နည်းဆိုသည့်ညွှန်ကြားချက်များကိုလိုက်နာသကဲ့သို့ဖြစ်သည်၊"ဘုရားသခင်၏မုန့်မူကား၊ကောင်းကင်မှဆင်းသက်၍လောကီသားတို့အားအသက်ကိုပေးသောမုန့်ပေတည်း" (ယောဟန် ၆း၃၃)။

မည်သူမဆိုမိမိ၏ကယ်တင်ပိုင်ရှင်အဖြစ်'ခရစ်တော်ကိုလက်ခံနိုင်ပါသလား။'ထိုသို့ဆိုလျှင်၊ကယ်တင်ခြင်းရနိုင်ပါသလား။မရနိုင်ပါ။ခရစ်တော်ကိုလက်ခံခြင်းသည်ခရစ်ယာန်တစ်ယောက်သာလုပ်ဆောင်ရမည့်ကောင်းသောအလုပ်ဖြစ်သည်။ဘုရားသခင်သည်လူတစ်ယောက်ကိုအသက်ရှင်စေပြီး၊

နောက်မှသာခရစ်တော်ကိုလက်ခံနိုင်မည်ဖြစ်သည်။"ငါ့ကိုစေလွှတ်တော်မူသောခမည်းတော်သည် သွေးဆောင်တော်မမူလျှင်၊အဘယ်သူမျှငါ့ထံသို့မလာနိုင်"(ယောဟန်-၆း၄၄)။မည်သူ့ကိုမဆို'ကယ်တင်ခြင်း'ပေးနိုင်ပါသလား။၎င်းသည်မဖြစ်နိုင်ပေ။သေလွန်သောအပြစ်သားကိုကယ်တင်ခြင်းထက် သေလွန်သူကိုအစားအစာပေးခြင်း သည်ပို၍ကောင်းပါသည် (ဖေက် ၂း၁-၂)။

ဘုရားသခင်တစ်ပါးတည်းသာလျှင်ကျွန်ုပ်တို့ကိုအသက်ရှင်စေနိုင်သည်။ဘုရားသခင်သည်ကျွန်ုပ်တို့၏အကူအညီမပါဘဲ၊ကျွန်ုပ်တို့၏တောင်းဆိုမှုမရှိဘဲ၊၎င်းကိုအချုပ်အခြာအာဏာပိုင်အဖြစ်လုပ်ဆောင်သည်။အစမှအဆုံးတိုင်အောင်'ကယ်တင်ခြင်းသည်ဘုရားသခင်၏ဥစ္စာဖြစ်၏'(ယောန-၂း၉)။ ဤသည်မှာကျွန်ုပ်တို့ဟောပြောနေသည့်ယုံကြည်ခြင်းဖြစ်သည်။အဘယ်ကြောင့်ဆိုသော်၊၎င်းသည် ကျမ်းစာနှင့်ကိုက်ညီသောကြောင့်၊၎င်းသည်ကျွန်ုပ်တို့ဘိုးဘေးများ၏ယုံကြည်ခြင်းဖြစ်သောကြောင့်၊ ကျွန်ုပ်တို့၏နှလုံးသားထဲ၌ရှင်သန်နေဆဲဖြစ်ပြီး၊၎င်းသည်ဘုရားသခင်အားဘုန်းအသရေအားလုံးပေး သနားတော်မူသော ကြောင့်ဖြစ်သည်။

**Rev. Angus Stewart**

**Covenant Protestant Reformed Church (N. Ireland)**

**Translator = Preacher Myitta (Myanmar)**